# 1 ယာဉ်မောင်းလိုင်စင်

## 1-3 ဂျပန်နိုင်ငံ၏ယာဉ်မောင်းလိုင်စင်သို့ပြောင်းလဲခြင်း

### (1) ပြည်ပနိုင်ငံ၏ယာဉ်မောင်းလိုင်စင်ကို ကိုင်ဆောင်ထားသူသည် ဂျပန်နိုင်ငံ၏ယာဉ်မောင်းလိုင်စင်သို့ပြောင်းလဲခြင်း

သင်ယခုကိုင်ဆောင်ထားသော ပြည်ပယာဉ်မောင်းလိုင်စင်သည် သက်တမ်းရှိနေပြီး ထုတ်ယူထားသောရက်မှ ၃လအထက် ထိုနိုင်ငံတွင် နေထိုင်ကြောင်းကို သက်သေခံနိုင်ပါက ထိုယာဉ်မောင်းလိုင်စင်ကို အခြေခံ၍ ဂျပန်နိုင်ငံ၏ ယာဉ်မောင်း လိုင်စင်သို့ ပြောင်းလဲနိုင်သည်။ ဂျပန်နိုင်ငံတွင် မောင်းနှင်ရန်သင့်လျော်သည်ဟု စစ်ဆေးအတည်ပြုခြင်းကိုခံယူ၍ သင်နေထိုင်သော ခရိုင်ရဲဌာနရှိ ယာဉ်မောင်းလိုင်စင်စင်တာ၊ ယာဉ်မောင်းလိုင်စင်ဖြေဆိုရာဌာနတို့တွင် ကျင်းပသောစာမေးပွဲ ၏ တစ်စိတ်တစ်ပိုင်း (ရေးဖြေနှင့် ကျွမ်းကျင်မှုအတည်ပြုမေးခွန်း) ကို ကင်းလွတ်ခွင့်ရပါမည်။

### (2) ဂျပန်နိုင်ငံ၏ယာဉ်မောင်းလိုင်စင်သို့ ပြောင်းလဲခြင်းလုပ်ထုံးလုပ်နည်း

1. ပြောင်းလဲလျှောက်ထားမည် 1-3 (3) တွင်ကြည့်ရန်
2. သင့်လျော်မှုစစ်ဆေးခြင်း
3. ရေးဖြေစာမေးပွဲ (ယာဉ်လမ်းစည်းကမ်းစစ်ဆေးမှုစသည့်) ကိုဖြေဆိုမည်
4. ကျွမ်းကျင်မှုစာမေးပွဲ (ယာဉ်မောင်းစွမ်းရည်စစ်ဆေးမှု) ကိုဖြေဆိုမည်

ဂျပန်နိုင်ငံ၏ယာဉ်မောင်းလိုင်စင်ကိုရယူမည်။

※ ဂျပန်စကားမပြောဆိုနိုင်သောသူနှင့် ဂျပန်စာမရေးနိုင်သောသူသည် စကားပြန်လိုအပ်ပါသည်။

※ ပြင်သစ်၊ ဂျာမနီ၊ ဆွစ်ဇာလန်၊ အီတလီ၊ ဘယ်လ်ဂျီယံ၊ ပော်လန်၊ လူဇင်ဘတ်၊ အင်္ဂလန်၊ ဒိန်းမတ်၊ အိုင်ယာလန်၊ ဂရိ၊ စပိန်၊ ပေါ်တူဂီ၊ ဆွီဒင်၊ နော်ဝေ၊ အိုက်စ်လန်၊ ဖင်လန်၊ သြစတြီးယား၊ သြစတြေးလျ၊ နယူးဇီလန်၊ ကိုးရီးယား၊ ကနေဒါ၊ ချက်၊ အမေရိကန်ပြည်ထောင်စု မေရီလန်းပြည်နယ်နှင့် ဝါရှင်တန်ပြည်နယ်၊ ဆလိုဗဲနီးယား၊ မိုနာကို၊ ထိုင်ဝမ် ၂၅ နိုင်ငံစသည်များ (၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ အနေအထား)၏ ယာဉ်မောင်းလိုင်စင်သည် အထက်ဖော်ပြပါ ③ရေးဖြေစာမေးပွဲနှင့် ④ကျွမ်းကျင်မှု စာမေးပွဲ ကင်းလွတ်ခွင့် ရရှိပါမည်။